## နိမိတ် ၃-ပါး

၁။ **ပရိကမ္မနိမိတ်** = ဂဏနာအခန်း၌ ထင်မြင်အပ်သော ထွက်သက်,ဝင်သက် အာရုံသည် ပရိကမ္မနိမိတ် မည်၏။

၂။ **ဥဂ္ဂဟနိမိတ်** = အနုဗန္ဓနာအခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည်ပင်လျှင် ဥဂ္ဂဟနိမိတ် မည်၏။

၃။ **ပဋိဘာဂနိမိတ်** = ထပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

## ဘာဝနာ သမာဓိ ၃-ပါး

၁။ **ပရိကမ္မ ဘာဝနာ-သမာဓိ** = ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာသမာဓိသည် ပရိကမ္မ ဘာဝနာသမာဓိ မည်၏။

၂။ **ဥပစာ ဘာဝနာ-သမာဓိ** = ထပနာခေတ်တွင် အပ္ပနာဈာန်သို့ မရောက်မီ အကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် ဥပစာရ ဘာဝနာသမာဓိ မည်၏။

၃။ **အပ္ပနာ ဘာဝနာ-သမာဓိ** = စတုက္ကနည်းအားဖြင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ရူပါဝစရဈာန်လေးပါးသည် အပ္ပနာ ဘာဝနာသမာဓိ မည်၏။

(အာနာပါနဒီပနီမှ)

**နိမိတ်နှင့် ဘာဝနာသမာဓိတွဲပုံ**

| နိမိတ် | ဘာဝနာ သမာဓိ |
|---|---|
| ပရိကမ္မနိမိတ် (မျက်စိဖြင့် **ပရမတ်**အာရုံယူ)<br>ဥဂ္ဂဟနိမိတ် (စိတ်ဖြင့် **ပရမတ်**အာရုံယူ) | ←ပရိကမ္မ ဘာဝနာ (နု)<br>←ပရိကမ္မ ဘာဝနာ (ရင့်) |
| ပဋိဘာဂနိမိတ်(ကြည်လင်သော **ပညတ်**အာရုံ) | ←ဥပစာရ ဘာဝနာ (နီဝရဏကင်း) ↓ |
| | **←အပ္ပနာ ဘာဝနာ = ဈာန်လေးပါး↓** |

**ဈာန်လေးပါး**

| | | | | | |
|---|---|---|---|---|---|
| ပ-ဈာန် | ဝိတက် | ဝိစာရ | ပီတိ | သုခ | ဧကဂ္ဂတာ |
| ဒု-ဈာန် | | | ပီတိ | သုခ | ဧကဂ္ဂတာ |
| တ-ဈာန် | | | | သုခ | ဧကဂ္ဂတာ |
| စ-ဈာန် | | | | ဥပေက္ခာ | ဧကဂ္ဂတာ |

နိမိတ် = ကမ္မဋ္ဌာန်း အာရုံ

ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၏ အာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်၏။

ဥဂ္ဂဟနိမိတ် = စိတ်ဖြင့်မှန်း၍ ယူအပ်သော အာရုံတည်း။

ပဋိဘာဂနိမိတ် = ရှေးနိမိတ် ၂-ပါးနှင့် အလားတူသော ပညတ်အာရုံ။ သို့သော် ဥဂ္ဂဟနိမိတ်ထက် အဆ,ရာထောင် မက တောက်ပကြည်လင်၏။ ပဋိဘာဂနိမိတ်သည် ဘာဝနာသညာ၏ အစွမ်းကြောင့် ဖြစ်၏။

ဘာဝနာသညာ = ဘာဝနာစိတ်နှင့် ယှဉ်သောသညာကို ဘာဝနာသညာ-ဟု ခေါ်သည်။